## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ (၂၆. ၃. ၂၀၁၈) ရက်နေ့တွင် မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ် တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၄)ဖြစ်ပါတယ်။ မိုင်းဆတ် မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ်က အဆိုတစ်ရပ်အား လွှတ်တော်သို့ပေးပို့လာပါတယ်။ အဆိုမှာ **"ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးလစ်ဟင်းမှု မရှိစေရေး"** အဆို ဖြစ်ပါတယ်။ ယခု ဦးဒါဝိဒ်က အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)**။လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြ ပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ကျွန်တော် ကတော့ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးဒါဝိဒ် ဖြစ်ပါတယ်။ ကျွန်တော့အနေဖြင့် မဲဆန္ဒရှင် ပြည်သူများ၏ ဆန္ဒအရ **"ပြည်သူ့ဘဏ္ဍာများဆုံးရှုံးနစ်နာမှုမရှိစေရေး"** အဆိုပြုတင်ပြ လိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ ပြုပြင်ပြောင်းလဲပြီး နိုင်ငံတော်သစ် တည်ဆောက်လျက်ရှိပါတယ်။ ထိုသို့သောလုပ်ငန်းများတွင် ပြည်သူ့ဘဏ္ဍာငွေအလုံးအရင်းဖြင့် ခေတ်မီတိုးတက်သည့် နည်းပညာများအသုံးပြု၍ အဆောက်အဦ လုပ်ငန်းများ လုပ်ကိုင်ခြင်းအတွက် ကုမ္ပဏီများသို့ တင်ဒါခေါ်ယူပြီး ဆောက်လုပ်ခွင့်ပြုခဲ့ ပါတယ်။ ထိုသို့ခွင့်ပြုရရှိသော တင်ဒါအောင် ကုမ္ပဏီတစ်ချို့သည် အမြတ်အစွန်းတစ်ခုတည်းကိုသာ ဦးတည်ဆောက်လုပ်ကြသဖြင့် အရည်အသွေးပြည့်မီသည့် အဆောက်အဦများဖြစ်လာခြင်း မရှိသည်ကို မဲဆန္ဒရှင် ပြည်သူများမှ ဝမ်းနည်းဖွယ်ရာ တွေ့ရှိနေကြ ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်၏ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)အတွင်း ၂၀၁၇-၂၀၁၈ ပြည်နယ်ခွင့် ပြုရန်ပုံငွေ ကျပ်(၂၉၇)သန်းဖြင့် တည်ဆောက်နေသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ (၁၅၀'×၄၀')RC(၂)ထပ် (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေသည့် အိမ်မက်ရွာကုမ္ပဏီနှင့် မိုင်းဆတ် မြို့နယ်၊ မိုင်းခုတ်မြို့ မီးသတ်စခန်း ကျပ်(၄၂. ၉၉၇)သန်း RC (၁)ထပ် ဆောက်လုပ်နေသည့် ရွှေနန်းမြဦး ကုမ္ပဏီတို့၏ ဆောက်လုပ်ခြင်း လုပ်ငန်းများမှာ အရည်အသွေးပြည့်မီခြင်း မရှိသည်ကို ပူးတွဲတင်ပြပါမှတ်တမ်းများအရ တွေ့ရှိရပါတယ်။ ၎င်းအဆောက်အဦ လုပ်ငန်းများကို ခရိုင်တည်ဆောက်ရေး လုပ်ငန်းများစိစစ်ရေးကော်မတီနှင့် မြို့နယ်တည်ဆောက်ရေး လုပ်ငန်းများစိစစ်ရေးကော်မတီတို့မှ အရည်အသွေးစစ်ဆေးမှုများပြုလုပ်ပြီး လိုအပ်သည်များ ပြင်ဆင်ပေးရန် ညွှန်ကြားသော်လည်း ပြုပြင်ပြောင်းလဲပေးခြင်း မရှိသည်ကို တွေ့ရှိပါတယ်။ ၎င်းကုမ္ပဏီများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အရှိန်အဝါကိုယူပြီး လွှတ်တော်ကိုယ်စားလှယ် များနှင့် ဒေသဆိုင်ရာ ဌာနအဖွဲ့အစည်းများအပေါ် အလေးထားမှု မရှိသည်ကို တွေ့ရှိပါတယ်။ ထိုကုမ္ပဏီများသည် ဌာနေကုမ္ပဏီများ မဟုတ်ကြ၍ အမြတ်အစွန်းရရှိရေးကိုသာ ဦးတည်ခဲ့သောကြောင့် ကျွမ်းကျင်လုပ်သား များသုံးစွဲမှုမပြုခြင်း၊ အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးပစ္စည်းများ သုံးစွဲမှုအားနည်းခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်းသုံးသပ်ရပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆောက်အဦများ ဆောက်လုပ်ပြီးစီး၍ နေထိုင်မည်ဆိုပါက အဆောက်အဦများ၏ ကြံ့ခိုင်မှုမှာ လွန်စွာအားနည်းလျက် ရှိပါသဖြင့် အဆောက်အဦတွင် နေထိုင်မည့် မီးသတ်ဝန်ထမ်းများ၊ မိသားစုဝင်များ၏ အသက်အန္တရာယ်မှာ လွန်စွာစိုးရိမ်ဖွယ်ရာ ရှိနေပါသဖြင့် အရည်အသွေးစိစစ်ပြီးမှသာ ဌာနမှလက်ခံသင့် ကြောင်း သုံးသပ်တင်ပြအပ် ပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ရခြင်းကြောင့် မဲဆန္ဒရှင်ပြည်သူများ၏ ရင်တွင်းတွင် ပေးကားပေး၏ မရဆိုသကဲ့သို့ ဖြစ်နေပါတယ်။ ၎င်းဖြစ်စဉ်တွင် ဌာနေ ကုမ္ပဏီတစ်ခုခုသာ တင်ဒါရရှိခဲ့ပါက မိမိမြို့ မိမိနယ်မြေအတွင်း အကျိုးရှိစွာ ဆောက်လုပ်ကြမည့်အပြင် လိုအပ်သည်များကို ချက်ချင်း ပြုပြင်ပြောင်းလဲပေးနိုင်ကြမည် ဖြစ်ပါတယ်။ ၎င်းအပြင် ဌာနေကုမ္ပဏီ၏ ဂုဏ်သိက္ခာအရ တိုင်းရင်းသားအများစု စုပေါင်းနေထိုင်ကြသည့် ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ကြမည် ဖြစ်ပါတယ်။ ဌာနေအတွင်းရှိ တိုင်းရင်းသားအလုပ်သမားများ၏ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာပြီး စားဝတ်နေရေး၊ လူမှုရေးများ တိုးတက်လာမည်ပင် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လာမည့် ဘဏ္ဍာရေးနှစ်များတွင် ပြည်သူ့ ဘဏ္ဍာငွေများ ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် ဌာနေ ကုမ္ပဏီများသို့ တင်ဒါစည်းကမ်းချက်များနှင့်အညီ စိစစ်ချမှတ် ပေးသင့်ကြောင်းအဆိုပြုတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။**လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စား လှယ် ဦးဒါဝိဒ်တင်သွင်း သော **"ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးလစ်ဟင်းမှု မရှိစေရေး"** အဆိုကိုလေးလေးနက်နက် ထောက်ခံအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်း အဆိုကိုလက်ခံ ဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌ ကကြေညာခြင်း။ (သို့မဟုတ်)အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ဦးဒါဝိဒ်တင်သွင်းသောအဆိုကို လွှတ်တော် ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"ပြည်သူ့ ဘဏ္ဍာများဆုံးရှုံးလစ်ဟင်းမှု မရှိစေရေး"** အဆိုဖြစ်ပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူမှာ ဖြစ်ပါတယ်။ ၎င်းအဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်ကသဘောတူပါသည်။)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စား လှယ်ရှိပါသလားခင်ဗျား။အဆိုကို လက်ခံဆွေးနွေးရန်သဘောမတူ သည့်ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးဒါဝိဒ်တင်သွင်းသည့်အဆိုကို လွှတ်တော်ကလက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာ ပါတယ်။

**ဥက္ကဋ္ဌ။** မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ် တင်သွင်းတဲ့အဆိုကို **၂၀၁၈ခုနှစ်၊ မတ်လ ၂၈ ရက် (ဗုဒ္ဓဟူးနေ့)**မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နား တဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ရှမ်းပြည်နယ် လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ (၂၈. ၃. ၂၀၁၈) ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂)ဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ်၏ **"ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးမှု မရှိစေရေး"**အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ဆွေးနွေးဖို့ စာရင်းပေးထားပါတယ်။

ပထမဦးစွာ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလှိုင်ခမ်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလှိုင်ခမ်းဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ် တင်သွင်းသည့် **"ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးလစ်ဟင်းမှုမရှိစေရေး"** အဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ **"ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးလစ်ဟင်းမှုမရှိစေရေး"** အဆိုသည် ပြည်သူလူထုအတွက် အရေးကြီးသော အဆိုဖြစ်ပါတယ်။ ပြည်သူလူထုများ၏ လူမှုဘဝဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည့်ပြည့်ဝဝ ဖော်ဆောင်ရွက်ပေးရမည့် တာဝန်သည် လွှတ်တော်နှင့် အစိုးရ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးရမည့် တာဝန်ဖြစ်ပါသည်။

ပြည်သူအတွက် လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက် ပေးရာတွင် သက်ဆိုင်ရာဌာနများမှတစ်ဆင့် ကုမ္ပဏီများထံသို့ လုပ်ငန်းများဖော်ဆောင်ရန်အတွက် လုပ်ငန်းအပ်နှံရပါသည်။ လုပ်ငန်းလက်ခံသော ကုမ္ပဏီများမှလည်း သက်ဆိုင်ရာဌာနများနှင့် စာချုပ်ချုပ်ဆိုထားသော စာချုပ်ပါ အရည်အသွေးများအတိုင်း လုပ်ငန်းများဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ ဌာနများမှတစ်ဆင့် ကုမ္ပဏီများအား အပ်နှံထားသော လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ လုပ်ငန်းဆောင်ရွက်ပေးခြင်းရှိ/မရှိ အလေးထား ကြပ်မတ်ပေးရန်လိုအပ်ပါသည်။

သို့မှသာ ပြည်သူများမှ ပေးဆောင်ရသောအခွန်များ၏ တန်ဖိုးပမာဏနှင့် ပြည်သူ့အတွက် ပြန်လည်လုပ်ဆောင်ပေးသော လူမှုဘဝဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တန်ဖိုးပမာဏချင်း မျှတသည်ဟု ပြည်သူလူထု ယုံကြည်လက်ခံမှသာ ပြည်သူနှင့်အစိုးရကြား ယုံကြည်မှု၊ လေးစားမှု ပိုမိုခိုင်မာလာမည်ဖြစ်ပါသည်။ အစိုးရအပေါ် ယုံကြည်မှု၊ လေးစားမှုခိုင်မာလာလျှင် ပြည်သူများမှ နိုင်ငံတော်သို့ ပေးဆောင်ရသော အခွန်တန်ဖိုးပမာဏများလည်း ပိုမိုလာမည်ဟု ယုံကြည်ပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျာ။ ပြည်သူ့ဘဏ္ဍာငွေများ ပိုမိုရရှိလာလျှင် ပြည်သူများ၏ လိုအပ်ချက်များဖြစ်သော လူမှုဘဝဖွံ့ဖြိုးရေးလုပ်ငန်းများပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့်ပြည်သူလူထု နှင့် အစိုးရအကြား ယုံကြည်မှု၊ လေးစားမှု ပိုမိုခိုင်မာလာစေရန် အတွက် မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ် တင်သွင်းသော **"ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးလစ်ဟင်းမှု မရှိစေရေး"**အဆိုအား ထောက်ခံဆွေးနွေးအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ က အဆိုကိုဆွေးနွေးမှာ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့

မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ် တင်သွင်းသည့် **"ပြည်သူ့ဘဏ္ဍာများဆုံးရှုံးလစ်ဟင်းမှုမရှိစေရေး"** အဆိုကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၁၇၅(ဆ)နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၂၅(ခ)အရ ထောက်ခံ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလိုထောက်ခံဆွေးနွေး ရခြင်းက မြို့နယ်အသီးသီးမှာ ဆောင်ရွက်နေတဲ့ ပြည်ထောင်စု/ ပြည်နယ်အဆင့် လုပ်ငန်းကဏ္ဍအသီးသီးက ပြည်သူ့ဘဏ္ဍာငွေဖြင့် တင်ဒါအောင်မြင်ဆောင်ရွက်နေကြတဲ့ အခြားဒေသက လုပ်ငန်းရှင် ကုမ္ပဏီအချို့ရဲ့ အားနည်းချက်အချို့ကို ယေဘုယျအားဖြင့် နှိုင်းယှဉ် ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယ ပုံမှန် အစည်းအဝေးမှာလည်း မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း တင်သွင်း ခဲ့တဲ့ ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အသီးသီးဖြင့် ဆောင်ရွက် နေသည့် တည်ဆောက်ရေးလုပ်ငန်းများ တင်ဒါအောင်မြင်သော ကုမ္ပဏီများအနေဖြင့် လုပ်ငန်းမစတင်မီ သက်ဆိုင်ရာမြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များကို BP -BQ Estimate နှင့် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများကို Check and Balance ပြုလုပ်နိုင်ရေး ကြိုတင်ပေးပို့ရေးအဆိုကလည်း အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။

အဆိုပါ အဆိုကို အတည်ပြုခဲ့ကြောင်း မှတ်တမ်းကိုလည်း ရှမ်းပြည်နယ်လွှတ်တော်နှင့် ရှမ်းပြည်နယ် အစိုးရ၏ အာမခံချက်များ၊ ကတိကဝတ်များနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီမှာ အထင်အရှား မှတ်တမ်းဝင်ရောက်ခဲ့ပြီးဖြစ်၍ သက်ဆိုင်ရာအစိုးရ အဖွဲ့၊ ဌာနဆိုင်ရာအသီးသီးနှင့် တာဝန်ရှိသူများအပြင် ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အသီးသီးမှာလည်း အလေးထားဆောင်ရွက်ရမည့် တာဝန်တစ်ခုဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ဥပဒေပြုခြင်း ၊ ကိုယ်စားပြုခြင်း၊ စောင့်ကြည့် ထိန်းမတ်ခြင်းဆိုတဲ့ တာဝန်ကို အုပ်ချုပ်ရေးယန္တရားကို ဝင်ရောက်စွက်ဖက်ခြင်း၊ လွှမ်းမိုးခြင်း မရှိစေဘဲ ပူးပေါင်းဆောင်ရွက်ခြင်း၊ အကြံပြုခြင်း၊ ထောက်ပြ ဆွေးနွေးခြင်းများ ဆောင်ရွက်နေကြသူများဖြစ်ပါတယ်။ ပြည်သူ လူထု၏ အခွန်အတုတ်များမှ ရရှိတဲ့ပြည်သူ့ဘဏ္ဍာငွေတွေ အဖိတ် အစင်၊ အလေအလွင့်မရှိစေရေး တည့်မတ်ထိန်းကျောင်း ထောက်ပြပေးဖို့ တာဝန်ရှိတဲ့ ပြည်သူတွေ တာဝန်ပေးခဲ့တဲ့ လွှတ်တော် ကိုယ်စားလှယ်များဖြစ်တဲ့အတွက် ပြည်သူ့အသံ၊ လွှတ်တော်အသံ အဖြစ် ပြည်သူ့ရှေ့က ရပ်တည်တင်ပြ ဆွေးနွေးရခြင်းဖြစ်ပါတယ်။

စောစောကတင်ပြခဲ့တဲ့ မိုင်းပန်မြို့နယ်၊ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်ရဲ့ အဆိုအောင်မြင်မှုကို သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထိန်းကျောင်းကြပ်မတ်ဆောင်ရွက် ပေးသော်လည်း အချို့ တင်ဒါအောင် ကုမ္ပဏီတွေဟာ ယနေ့အထိ လိုက်နာခြင်း၊ သတ်မှတ်ပါ BP -BQ Estimate အချက်အလက်များ ကို လုပ်ငန်း မစတင်မီ အချိန်မီပေးပို့နိုင်မှုမရှိခြင်း၊ အချို့ကလုပ်ငန်း စတင်ချိန်တွင်ပင် သက်ဆိုင်ရာ ကိုယ်စားလှယ်၊ သက်ဆိုင်ရာမြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်တည်ဆောက်ရေး ကော်မတီများကို သတင်းပို့ခြင်းမရှိခြင်း၊ လုပ်ငန်းတစ်ဝက်ခန့် ပြီးစီးခါနီးအချိန်မှသာ အသိပေးခြင်း၊ အစစ်ဆေးခံသည့်အချိန်တွင် သတ်မှတ်စာရွက်၊ စာတမ်း၊ BP- BQ စာချုပ်မပါရှိခြင်း၊ ဒေသခံ ကုမ္ပဏီမဟုတ်သည့် အတွက် လုပ်ငန်းများ အပေါ်တွင် အလေးထားအာရုံစိုက်မှု အားနည်းခြင်း၊ BP -BQ စာချုပ်ပါ အချက်များနှင့် မကိုက်ညီခြင်း များ တွေ့ရှိနေရလို့ အချို့မြို့နယ်တွေမှာ လွှတ်တော်ကိုယ်စားလှယ် တွေ၊ မြို့နယ် တည်/ကော်နှင့် စီ/ခန့်အဖွဲ့ တွေက တွေ့ရှိချက် တင်ပြလို့ ပြည်နယ်တည်/ကော်နှင့် Third Party အဖွဲ့တွေက ပြန်လည်ကွင်းဆင်းစစ်ဆေးပြီး ပြင်ဆင်စေခြင်း၊ ရပ်ဆိုင်းစေခြင်း၊ မလိုလားအပ်သော ကြန့်ကြာစေခြင်း၊ ဘဏ္ဍာငွေအလေအလွင့် များ ဖြစ်ပေါ်စေခြင်း၊ မလိုလားအပ်ဘဲ အဆင့်ဆင့်သော တာဝန်ရှိ သူများအလုပ်ပိုစေခြင်း၊ ပြည်သူလူထု၏ ငြိုငြင်မှု၊ စိတ်ကသိ ကအောက်ဖြစ်မှုများ တွေ့ကြုံနေကြရပါတယ်။ ဒီလိုတွေ မကြာခဏဖြစ်ပေါ်နေလို့လဲ

မြို့နယ်အချို့က ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တွေဟာ ယခုလိုရှမ်းပြည်နယ်လွှတ်တော်အတွင်းမှ မေးခွန်းတွေ၊ အဆိုတွေနဲ့ ကဏ္ဍအသီးသီးက ဌာနအသီးသီးရဲ့ တာဝန်ရှိသူ အစိုးရအဖွဲ့ဝင်တွေကို ပြည်သူရှေ့ကရပ်တည်ပြီး မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းများ ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

ပြည်သူလူထုရဲ့ ထည့်ဝင်တဲ့ အခွန်ကဏ္ဍကရရှိတဲ့ ပြည်သူ့ဘဏ္ဍာဖြင့် ဆောင်ရွက်နေတဲ့ လုပ်ငန်းရပ်အသီးသီးမှာ သတ်မှတ်ချက်နှင့်အညီ လွှတ်တော်၊ အစိုးရ၊ ပြည်သူ ဟန်ချက်ညီညီနဲ့ ထိန်းကျောင်းကြပ်မတ် ဆောင်ရွက်ခြင်းဖြင့် ပြည်သူ့ဘဏ္ဍာငွေ အလေအလွင့်မရှိစေရေး တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအနေဖြင့် အထူးဂရုစိုက် အလေးထားဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ပြည်သူလူထုရဲ့ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် လုပ်ငန်းရပ်မျိုးစုံက ကာယ၊ ဉာဏခွန်အားကနေ ရရှိလာခဲ့တဲ့ ဝင်ငွေအသီးသီးက ပေးဆောင်နေရတဲ့ အခွန်ထမ်းပြည်သူများ၏ ဘဏ္ဍာငွေကို မှန်ကန်တဲ့သဘောထားနဲ့ အပြုသဘောဆောင်တဲ့ ထိန်းကျောင်း ကြပ်မတ်မှုနဲ့ အစိုးရ၊ လွှတ်တော်၊ ပြည်သူ၊ ဝန်ထမ်းအသီးသီးက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် ပြည်သူ့ ဘဏ္ဍာငွေ အလေအလွင့် အဖိတ်အစင် မရှိစေရေး သက်ဆိုင်ရာ အစိုးရအဖွဲ့နှင့် တာဝန်ရှိသူအသီးသီးက အထူးအလေးထား ကြပ်မတ်ထိန်းကျောင်း ဆောင်ရွက်ပေးပါရန်နှင့် ဌာနေကုမ္ပဏီများ တင်ဒါအောင်မြင်ရရှိလာပါကလည်း သက်ဆိုင်ရာမြို့နယ်အသီးသီးက ဒေသခံပြည်သူလူထု၏ အလုပ်အကိုင် အခွင့်အလမ်းများ တစ်ဘက်တစ်လမ်းက တိုးတက်ရရှိလာမည်ဖြစ်သကဲ့သို့ ဒေသ၏ လိုအပ်ချက်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဖက်ဖက်က အကျိုးရှိစွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသဖြင့် ဌာနေကုမ္ပဏီများ ကိုလည်း သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ဌာနအသီးသီး၏ ပြည်သူ့ဘဏ္ဍာငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်း အသီးသီးတွင် တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့်အညီ စိစစ်ချမှတ်ပေးရန် အလေးအနက်တိုက်တွန်းအပ်ပါကြောင်းနှင့် မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ် ၏ **"ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးလစ်ဟင်းမှု မရှိစေရေး"** အဆိုကို အလေးအနက် ထောက်ခံဆွေးနွေးပါကြောင်း ရိုသေလေးစားစွာ ဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ၂၀၁၃ခုနှစ် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၁၅(င)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုနှင့်စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်း ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဒါဝိဒ်၏ **"ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးလစ်ဟင်းမှု မရှိစေရေး"**အဆိုကို ကျွန်တော် ဗိုလ်မှူးကြီး နိုင်ဝင်းအောင်မှ ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း တင်ဒါရွေးချယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက် အမှတ်(၁/၂၀၁၇)နှင့်အညီ တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါ လက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေး ကော်မတီ စသည့်ကော်မတီ(၄)ရပ်အား ဖွဲ့စည်းဆောင်ရွက်လျက် ရှိသည့်အပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၁-၆-၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ၆၁၇၉/၇-၃၁၁/အစရ(ရှမ်း)အရ တည်ဆောက်ရေး/ ဝယ်ယူရေး လုပ်ငန်းများ၏ ကျပ်(၁၀)သန်းအောက် လုပ်ငန်းများအား သက်ဆိုင်ရာဌာနများမှ တာဝန်ယူဆောင်ရွက်ရန်၊ ကျပ်(၁၀)သန်းမှ ကျပ်သန်း(၁၀၀)အထိ လုပ်ငန်းများအား သက်ဆိုင်ရာဝန်ကြီး ဦးဆောင်သော တင်ဒါ

ကော်မတီမှ စိစစ်ရွေးချယ်ဆောင်ရွက်ရန်၊ ကျပ်သန်း(၁၀၀)အထက်အား သက်ဆိုင်ရာဝန်ကြီးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီး(၂)ဦးပါသော တင်ဒါကော်မတီမှ သတ်မှတ်စည်းမျဉ်း စည်းကမ်းချက်များ၊ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရန်စသည့် ညွှန်ကြားချက်များနှင့်အညီ စိစစ်ရွေးချယ်ဆောင်ရွက် လျက်ရှိပါသည်။

ထိုသို့စိစစ်ရွေးချယ်ရာတွင် တင်ဒါတင်သွင်းသော ကုမ္ပဏီများအား Detail of Measurement, Detail Design & Drawing, Company Profile အရည်အချင်းနှင့်အတွေ့အကြုံ၊ ဆောင်ရွက် မည့်အစီအစဉ်၊ လုပ်ငန်းခွင်လေ့လာကြောင်း ဌာန၏ထောက်ခံချက် မှတ်တမ်း ဓါတ်ပုံများ၊ စံချိန်စံညွှန်းသတ်မှတ်ချက်နှင့် ကိုက်ညီမှု အင်ဂျင်နီယာစုဖွဲ့မှု စသည့်အချက်များ ပါဝင်သော နည်းပညာ အဆိုပြုလွှာ (Technical Proposal) စိစစ်မှုရမှတ်(၆၀) မှတ်အား တင်သွင်းစေပြီး၊ ၎င်းနည်းပညာဆိုင်ရာ အဆိုပြုလွှာ အောင်မြင် သည့် ကုမ္ပဏီအား Bill of Quantity, Abstract of Cost, Builder's Estimate ဈေးနှုန်းတင်သွင်းလွှာစသည့် အင်ဂျင်နီယာဆိုင်ရာ တွက်ချက်မှုများ ပါဝင်သည့် ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) စိစစ်မှုရမှတ်(၄၀) မှတ်အား တင်သွင်းစေပါတယ်။

နိုင်ငံတော်သမ္မတရုံးညွှန်ကြားချက်အမှတ်(၁/၂၀၁၇)နှင့် အညီတည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း များအတွက် တင်ဒါဖွင့်ဖောက်ချိန်၌ တင်ဒါတင်သွင်းသူများအား စိစစ်အကဲဖြတ်ရာတွင်-

(က) စာရွက်စာတမ်းပြည့်စုံမှု၊
(ခ) တင်ဒါအာမခံကြေး၊
(ဂ) သတ်မှတ်အရည်အချင်းပြည့်မီမှု၊
(ဃ) လိုအပ်ပါကထုတ်လုပ်သူ၏ခွင့်ပြုချက်၊
(င) တင်ဒါတင်သွင်းသူများ၏ အတွေ့အကြုံ
(စ) စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်ကိုက်ညီမှု
(ဆ) လုပ်ငန်းဆိုင်ရာသတ်မှတ်ချက်များနှင့်ကိုက်ညီမှု စသည့် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီသော၊ အရည်အသွေးပြည့်မီသော ကုမ္ပဏီအား ကော်မတီ (၄)ရပ်မှ တင်ဒါအောင်မြင်သူအဖြစ် စိစစ်ရွေးချယ် ပြီး စာချုပ်ချုပ်ဆို၍ လုပ်ငန်းများ ဆောင်ရွက်စေပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းဆတ်ခရိုင်အတွင်း မီးသတ်စခန်းနှင့် ဝန်ထမ်းနေအိမ် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ တင်ဒါစိစစ် ရွေးချယ်ခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်ခြင်းကို အောက်ပါအတိုင်း စီမံဆောင်ရွက်ခဲ့ပါသည်-

(က) တင်ဒါရွေးချယ်ရာတွင် လုပ်ငန်းတစ်ခုချင်း(Lot) အလိုက်နည်းပညာဆိုင်ရာ အဆိုပြုလွှာနှင့် ဘဏ္ဍာ ရေးဆိုင်ရာအဆိုပြုလွှာ ဖွင့်ဖောက်စစ်ဆေးခြင်းများကို တင်ဒါလျှောက်ထားသူများ၏ ရှေ့မှောက်မှာပင် ဆောင်ရွက်ခဲ့ပါသည်။
(ခ) မိုင်းဆတ်မြို့နယ်မီးသတ်စခန်း ဝန်ထမ်းနေအိမ် ၆ ခန်းတွဲ ၂ ထပ် တည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ တင်ဒါအဆိုပြုလျှောက်ထားသူ ကုမ္ပဏီ(၄)ခုရှိပြီး ၎င်းကုမ္ပဏီများမှာ မိုင်းဆတ် အခြေစိုက် ရွှေရှမ်းဟန်နှင့် သုံးယွင်းဟွားကုမ္ပဏီ၊ မိုင်းတုံအခြေစိုက် ရွှေနန်းမဥ္ဇူနှင့် တာချီလိတ် အခြေစိုက်အိမ်မက်ရွာကုမ္ပဏီတို့ဖြစ်ကြပါတယ်။ ၎င်းကုမ္ပဏီ(၄)ခုအနက် သုံးယွင်းဟွားကုမ္ပဏီ သည်နည်းပညာ အဆိုပြုလွှာစိစစ်မှုတွင် ပြည့်စုံမှု မရှိ၍ ပယ်ခဲ့ပါတယ်။ ရွှေရှမ်းဟန်ကုမ္ပဏီသည် ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာတွင်အောင်မြင်မှု မရှိခဲ့သဖြင့် ကျန်ရှိသည့် အိမ်မက်ရွာနှင့်ရွှေနန်းမြဥ္ဇူ ကုမ္ပဏီအနက် အမှတ်ပေးစည်းမျဉ်းအရ တာချီလိတ်အခြေစိုက် အိမ်မက်ရွာကုမ္ပဏီကို ရွေးချယ်ခဲ့ပါသည်။

( ဂ) မိုင်းဆတ်ခရိုင်၊ မိုင်းတွမ်း၊ မိုင်းခုတ်နှင့် ပုံပါကျင် မြို့(၃)မြို့၌ နယ်မြေမီးသတ်စခန်း(၁)ထပ်စီ (၄၅×၃၉×၁၅)ပေ တည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက် ၍ တင်ဒါအဆိုပြုလွှာကိုတင်သွင်းထားသူ ကုမ္ပဏီ(၅)ခုရှိပြီး ကုမ္ပဏီများမှာ မိုင်းဆတ်အခြေစိုက် ရွှေရှမ်း ဟန်၊ သုံးယွင်းဟွားနှင့် TA Capitalကုမ္ပဏီ၊ မိုင်းတုံ အခြေစိုက် ရွှေမြဥ္ဇူနှင့် ရန်ကုန်အခြေစိုက် မြတ်အိမ် မွန် ကုမ္ပဏီတို့ဖြစ်ကြပါသည်။ ၎င်းကုမ္ပဏီ(၅)ခု အနက် သုံးယွင်းဟွားနှင့်မြတ်အိမ်မွန် ကုမ္ပဏီ(၂)ခု သည် နည်းပညာဆိုင်ရာ အဆိုပြုလွှာ စိစစ်မှုတွင် ပြည့်စုံမှုမရှိသဖြင့် ပယ်ခဲ့ရပါတယ်။ ရွှေရှမ်းဟန် ကုမ္ပဏီသည် ဈေးနှုန်းလွှာတွင် အောင်မြင်မှုမရှိခဲ့သဖြင့် ကျန်ရှိသည့် ရွှေနန်းမြဥ္ဇူနှင့် TA Capitalတို့အနက် အမှတ်ပေးစည်းမျဉ်းအရ မိုင်းတုံအခြေစိုက် ရွှေနန်းမြဥ္ဇူကုမ္ပဏီကို ရွေးချယ်ခဲ့ပါတယ်။

(ဃ) သက်ဆိုင်ရာဌာနနှင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီတို့သည် သက်ဆိုင်ရာမြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲ ရေးကော်မတီများထံ တည်ဆောက်ရေး လုပ်ငန်း နှင့် ပတ်သက်သည့် Design & Drawing များ BQ, Cost နှင့် Estimate များ ပေးပို့ တင်ပြခြင်း၊ အဆောက်အဦများ စတင်ဆောက်လုပ်သည့် အချိန်မှစ၍သက်ဆိုင်ရာဒေသရှိ ဌာန၊ အဖွဲ့အစည်းများ ပါဝင်ပူးပေါင်းကြီးကြပ်မှုဖြင့် အဆောက်အဦ ဆောက်လုပ်နေမှု အခြေအနေ၊ ပြီးစီးမှုရာခိုင်နှုန်းနှင့် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရေး စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်စေပါတယ်။

( င) မိုင်းဆတ်မြို့နယ်ရှိ တည်ဆောက်ရေးလုပ်ငန်းများအား(၆-၁၁-၂၀၁၇)ရက်နေ့တွင် မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းခတ္တိယနှင့် ခရိုင်/ မြို့နယ် တည်ဆောက်ရေးအရည်အသွေးစိစစ်ရေး ကော်မတီများမှ လည်းကောင်း၊ (၁၅-၁၁-၂၀၁၇)ရက်နေ့တွင် ရှမ်းပြည်နယ်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်မင်းမှ လည်းကောင်း၊ (၃၁-၁-၂၀၁၈) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဝင်းအောင် တို့မှစစ်ဆေးခဲ့သည့်အပြင် ခရိုင်/မြို့နယ် တည်ဆောက်ရေးလုပ်ငန်း အရည်အသွေး စိစစ် ရေးကော်မတီ ပူးပေါင်းအဖွဲ့မှ (၆)ကြိမ် စစ်ဆေး ဆောင်ရွက်ခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိချက်၊ အကြံပြုချက်များအား သက်ဆိုင်ရာဌာန၏ ကြီးကြပ်မှုဖြင့် လိုက်နာဆောင်ရွက်စေပြီး ဆောင်ရွက်ပြီးစီးမှုအား အဆင့်ဆင့် တင်ပြစေခြင်းဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

မိုင်းဆတ်မြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေ (၂၉၇)သန်း ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက် နေသော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ (၁၅၀'×၄၀') RC (၂)ထပ်၊ (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်နေသည့် အိမ်မက်ရွာ ကုမ္ပဏီနှင့် မိုင်းဆတ်မြို့နယ်၊ မိုင်းခုတ်မြို့ မီးသတ်စခန်း ကျပ် (၄၂. ၉၉၇)သန်း RC (၁)ထပ်၊ ဆောက်လုပ်နေသည့် ရွှေနန်းမြဥ္ဇူ ကုမ္ပဏီတို့၏ ဆောက်လုပ်ခြင်း လုပ်ငန်းများမှာ အရည်အသွေး မပြည့်မီခြင်းအား ၎င်းတို့ဆောက်လုပ်ခြင်းလုပ်ငန်းများကို ခရိုင်/မြို့နယ် တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီများနှင့် ထပ်မံစစ်ဆေးစိစစ်ပြီး စံချိန်စံနှုန်းများအတိုင်း အရည် အသွေး ပြည့်မီသည်အထိ ဆောင်ရွက်စေမှာဖြစ်ပါတယ်။ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ခြင်း မရှိပါက စာချုပ်ပါ စည်းကမ်း နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆောင်ရွက် ပြီးစီး ပါကလည်း မြို့နယ်/ ခရိုင်/ ပြည်နယ် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီများဖြင့် အသေးစိတ် စစ်ဆေးပြီး အတည်ပြုကောင်းမွန်မှသာ သက်ဆိုင်ရာဌာနမှ လက်ခံစေရေး ဆောင်ရွက်မှာဖြစ် ပါတယ်။

သို့ဖြစ်ပါ၍ အဆိုရှင်၏ ပြည်သူ့ဘဏ္ဍာများဆုံးရှုံးနစ်နာမှုမဖြစ်ပေါ်စေရေးအတွက် အရည်အသွေး ပြည့်မီစွာဆောင်ရွက်နိုင်ရန် တင်ပြချက်အပေါ် အတည်ပြုပါကြောင်းနှင့် တင်ဒါရွေးချယ်ရေးနှင့် ပတ်သက်၍

နိုင်ငံတော်သမ္မတရုံး၏ တင်ဒါလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် အညီ ရွေးချယ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြည့်စွက်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက ဖြည့်စွက် ဆွေးနွေး ဖို့ဖြစ်ပါတယ်။

**ဦးစိုးညွှန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လုံ/နယ် ဝန်ကြီး ဖြေကြားချက်မှာ ပြီးပြည့်စုံသည့်အတွက် ကျွန်တော့် အနေဖြင့် ဖြည့်စွက် ဖြေကြားရန်မရှိပါ။ ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးလစ် ဟင်းမှုမရှိစေရေးအဆိုကို အတည်ပြုပါတယ်။ သို့သော် လုံ/နယ် ဝန်ကြီး၏ပြောကြားချက်အရ တင်ဒါစည်းမျဉ်း၊ စည်းကမ်းနှင့် ပတ်သက်သည့်နေရာတွင် ဒေသခံများ ကို ဦးစားပေးရန် အချက်အလက် ထည့်သွင်းထားသည့်အတွက် နိုင်ငံတော်သမ္မတရုံး၏ တင်ဒါ လုပ်ထုံး လုပ်နည်း ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြည့်စွက်ပြောကြားလိုပါတယ်။ **"ပြည်သူ့ဘဏ္ဍာ များဆုံးရှုံးလစ်ဟင်းမှု မရှိစေရေး"** အဆိုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးအနေနဲ့ အတည်ပြုပါတယ်။

**ဥက္ကဋ္ဌ။** တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် ပတ်သက်လို့ တင်ဒါစည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်ရန်ဖြစ်သလို ပြည်သူ့ဘဏ္ဍာများဆုံးရှုံးလစ်ဟင်းမှုမရှိစေရေးအဆိုကို အတည်ပြု ဖို့ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်း ဝင်က ဒီအဆိုနှင့်ပတ်သက်ပြီး (၂) ပိုင်း ရှင်းလင်း သွားပါတယ်။ ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးလစ်ဟင်းမှု မရှိစေရေးနှင့်ပတ်သက်ပြီး အဆိုကို အတည်ပြုတယ်လို့ မှတ်ယူပါတယ်။ ဒါကြောင့် မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဒါဝိဒ် တင်သွင်းသည့် အဆိုကို အတည်ပြုရန်အတွက် လွှတ်တော်၏ ဆန္ဒကို ရယူမှာဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဒါဝိဒ် တင်သွင်းသည့်အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

**(သုံးကြိမ်တိုင် မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကသဘောတူသည့်အတွက် မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ်၏ **"ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးလစ်ဟင်းမှုမရှိစေရေး"** အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။